wave money

**Digital Money Myanmar Ltd.**
No.84, 7th floor, Uniteam Marine Building
Pan Hlaing Street, Sanchaung Township
Yangon, Myanmar

သတင်းထုတ်ပြန်ချက်

# Wave Money နှင့် FlyMya တို့မှ လွယ်ကူ၊ လျင်မြန်သော ခရီးသွားလာရေးဆိုင်ရာ ငွေပေးချေမှုများပံ့ပိုးပေးရန် ပူးပေါင်းဆောင်ရွက်

*နည်းဗျူဟာကျကျပူးပေါင်းဆောင်ရွက်မှုမှတဆင့် အချိန်မရွေး၊ နေရာမရွေး လုံခြုံစွာဖြင့် ဒီဂျစ်တယ်ဆိုင်ရာငွေပေးချေ မှုများပြုလုပ်နိုင်မည်ဖြစ်*

**နိုဝင်ဘာလ ၂၈ ရက်နေ့၊ ရန်ကုန်။** ။ မြန်မာနိုင်ငံ၏ မိုဘိုင်းလ်ငွေပေးချေမှုတွင် ထိပ်တန်းကုမ္ပဏီဖြစ်သော Wave Money နှင့် ပြည်တွင်းခရီးသွားလက်မှတ်များ၊ ခရီးသွားလာရေးဆိုင်ရာဝန်ဆောင်မှုများတွင် ဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်သော FlyMya.com သည် လွယ်ကူလျင်မြန်သော ခရီးသွားလာရေးဆိုင်ရာ ငွေပေးချေမှုများပံ့ပိုးပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ နှစ်ဦးနှစ်ဘက်ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်အနေဖြင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအား နိုဝင်ဘာလ (၂၈) ရက်နေ့ ၂၀၁၉ ခုနှစ်တွင် ရန်ကုန်မြို့ရှိ Sule Shangri-La ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ ပူးပေါင်းဆောင်ရွက်မှုမှတဆင့် WavePay အက်ပလီကေးရှင်းအား မိုဘိုင်းလ် ပိုက်ဆံအိတ်အသွင်ဖြင့် ခရီးသွားပြည်သူ များထံ မိတ်ဆက်လိုက်ပြီး FlyMya ၏ ဝန်ဆောင်မှုများရယူရာတွင် ထပ်လောင်းအပိုငွေကျခံခြင်းမရှိဘဲ အသုံးပြုနိုင်မည်ဖြစ် သည်။ WavePay အသုံးပြုသူများအနေဖြင့် FlyMya ဝက်ဘ်ဆိုက်မှတဆင့် ပိုမိုမြန်ဆန်၊ လွယ်ကူစွာဖြင့် လေကြောင်းနှင့် ကား လက်မှတ်များ ဝယ်ယူနိုင်သည့်အပြင် ခရီးစဉ်များ၊ လေဆိပ်အကြိုအပို့ ကားအငှားဝန်ဆောင်မှုကိုလည်း ရယူနိုင်မည်ဖြစ် သည်။

"Wave Money အနေနဲ့ အခုလို မြန်မာနိုင်ငံရဲ့ ခရီးသွားကဏ္ဍမှာ နည်းပညာအခြေပြု ပြည်တွင်းလုပ်ငန်းသစ်တွေထဲက တစ်ခုဖြစ်တဲ့ FlyMya နဲ့ ပူးပေါင်းခွင့်ရတဲ့အတွက် အများကြီးဝမ်းသာပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီဂျစ်တယ်နည်းပညာကို အသုံးပြုပြီး ပိုမိုကောင်းမွန်တဲ့ နေထိုင်မှုအတွေ့အကြုံတွေ ရရှိလာအောင် လုပ်ဆောင်ပေးနေတဲ့ စီးပွားရေးလုပ်ငန်းတွေကို အထူးအားပေးပါတယ်။ ဒါ့အပြင် Wave Money အနေနဲ့ ပြည်တွင်းပြည်ပ ခရီးသွားတွေ ငွေပေးချေမှု ပိုမိုလွယ်ကူစေရုံသာမက အားလုံးပါဝင်နိုင်တဲ့ ဘဏ္ဍာရေးဆိုင်ရာအသိုက်အဝန်းအတွက် ဒီဂျစ်တယ်ငွေပေးချေမှု အရှိန်အဟုန်ကို ဆက်လက်ထိန်းထားနိုင်ဖို့ စိတ်အားထက်သန်လျက်ရှိပါတယ်။" ဟု Wave Money ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Brad Jones မှ ပြောကြား ခဲ့သည်။

FlyMya သည် ရာနှုန်းပြည့် မြန်မာနိုင်ငံသားပိုင်ဆိုင်ပြီး ခရီးသွားနေရာပေါင်း (၂၀) ကျော်သို့ ပြည်တွင်းလေကြောင်းနှင့် ကားလက်မှတ်များ ကြိုတင်ဝယ်ယူနိုင်ခြင်း၊ ခရီးစဉ်များနှင့် ဗီဇာဝန်ဆောင်မှုများ စသည့် ဝန်ဆောင်မှုများအား တစ်နေရာထဲ

**Digital Money Myanmar Ltd.**
No.84, 7th floor, Uniteam Marine Building
Pan Hlaing Street, Sanchaung Township
Yangon, Myanmar

တွင် ရရှိအောင် လုပ်ဆောင်ပေးသော နည်းပညာအခြေပြု လုပ်ငန်းသစ်တစ်ခုဖြစ်သည်။ ၂၀၁၅ ခုနှစ်မှစ၍ စတင်တည်ထောင်ခဲ့ ပြီး အပျော်ခရီးစဉ်အဖြစ်သော်လည်းကောင်း၊ အလုပ်ကိစ္စခရီးစဉ်အဖြစ်သော်လည်းကောင်း ခရီးသွားများအတွက် များစွာသော ဝန်ဆောင်မှုများရှိသည့်အပြင် နိုင်ငံတကာခရီးသွားများအကြား မြန်မာနိုင်ငံအား လာရောက်လည်ပတ်ရန်ကောင်းသော နေရာ တစ်ခုအဖြစ် ဝိုင်းဝန်းမြှင့်တင်ပေးလျက်ရှိသည်။

"ကျွန်တော်တို့ရဲ့ သုံးစွဲသူတွေအတွက် ပိုမိုလွယ်ကူပြီး စိတ်ချရတဲ့ ငွေပေးချေမှုကို မိုဘိုင်းလ်ပိုက်ဆံအိတ်ကတဆင့် ပေးစွမ်းနိုင်ပြီး တစ်ချိန်တည်းမှာပဲ သမာရိုးကျ ငွေပေးချေရေးမှာတွေ့ကြုံနိုင်တဲ့ အခက်အခဲတွေကို သက်သာစေမှာပါ။ Wave Money နဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ မြန်မာနိုင်ငံရဲ့ ခရီးသွားဝန်ဆောင်မှုကဏ္ဍာလွယ်ကူချောမွေ့စေပြီး ခေတ်မီတဲ့ ဝန်ဆောင်မှု ပေါ်ပေါက်လာရေးအတွက် ခြေလှမ်းသစ်တစ်ခုပဲ ဖြစ်ပါတယ်။" ဟု FlyMya ၏ ဥက္ကဋ္ဌဖြစ်သူ ဦး Mike သန်းထွန်းဝင်းမှ ပြောကြားခဲ့သည်။

FlyMya သည် ပြည်တွင်းလေကြောင်းလိုင်း (၅) ခု၏ ခရီးစဉ် အချိန်များနှင့် ဈေးနှုန်းများကို လွယ်လင့်တကူသိရှိနိုင်ပြီး ကြိုတင်လက်မှတ်များအတွက် အတိုတောင်းဆုံး လုပ်ဆောင်ချက်များဖြင့် လွယ်ကူစွာ လုပ်ဆောင်နိုင်ရန် စီစဉ်လုပ်ဆောင်ပေး လျက်ရှိသည်။ FlyaMya မှ ရှင်းလင်းလွယ်ကူသော ခရီးသွားအချက်အလက်များ၊ ဈေးနှုန်းများကို သိရှိနိုင်သည်သာမက ပြည်တွင်းခရီးစဉ်များအတွက်လည်း ဝန်ဆောင်မှုပေးလျက်ရှိသည်။

"WavePay နဲ့ FlyMya တို့လို အဆင့်မြင့်နည်းပညာတွေကနေတဆင့် လူသားအချင်းချင်း ပိုမိုချိတ်ဆက်လာစေပါတယ်။ ဒါ့အပြင် ခရီးထွက်တာပဲဖြစ်ဖြစ် ကျွန်တော်တို့လုပ်ချင်တဲ့အရာတွေ လုပ်ဆောင်ဖို့ အချိန်တွေပိုရလာပြီး ကျွန်တော်တို့ရဲ့ဘဝ တွေ ပိုမိုလွယ်ကူလာစေမှာ ဖြစ်ပါတယ်။" ဟု ဦး Mike သန်းထွန်းဝင်းမှ ထပ်မံပြောကြားခဲ့သည်။

Wave Money သည် လွန်ခဲ့သော သုံးနှစ်ခန့်က ဈေးကွက်အတွင်းသို့ စတင်ဝင်ရောက်လာခဲ့ပြီး သမာရိုးကျငွေထုတ်ယူမှုများ ဖြစ်သော ဘဏ်များ၊ ATM စက်များဖြင့် ငွေထုတ်ယူမှုကို သာလွန်ကာ သုံးစွဲသူပေါင်း ၁၅ သန်းကျော်၊ ကိုယ်စားလှယ်ပေါင်း ၅၄,၀၀၀ ကျော်နှင့် လည်ပတ်လျက်ရှိသည့် ကုမ္ပဏီတစ်ခုအနေနှင့် Wave Money သည် အံ့သြဖွယ်ရာ တိုးတက်မှုအများအပြား ရရှိလျက်ရှိသည်။

**Wave Money အကြောင်း**

Wave Money သည် မြန်မာနိုင်ငံအနှံ့တွင် အေးဂျင့်ဆိုင်ပေါင်း ၅၄၀၀၀ ကျော်နှင့် လည်ပတ်လုပ်ကိုင်နေသော မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် ရှေ့တန်းမှ ဦးဆောင်နေသည့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုကုမ္ပဏီတစ်ခုဖြစ်သည်။ ထို့အပြင် Wave Money သည် Telenor ၊ ရိုးမဘဏ်၊ စင်ကာပူစတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်သော Yoma Strategic Holdings တို့နှင့် ဖက်စပ်လုပ်ကိုင်နေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ၎င်း၏အေးဂျင့်ကွန်ရက်များမှတစ်ဆင့် လွယ်ကူလျင်မြန်၍ အားထားရသော

**Digital Money Myanmar Ltd.**
No.84, 7th floor, Uniteam Marine Building
Pan Hlaing Street, Sanchaung Township
Yangon, Myanmar

မိုဘိုင်းငွေကြေးဝန်ဆောင်မှုစနစ်ကို ထောက်ပံ့ပေးနေသော ကုမ္ပဏီတစ်ခုဖြစ်သည်။ Wave Money သည် ငွေကြေးလွှဲပြောင်းခြင်းနှင့် ပတ်သက်၍ တမူထူးခြားသည့် နည်းလမ်းတစ်ခုကို မြန်မာပြည်သူများသို့ မိတ်ဆက်ပေးခဲ့ပြီး သန်းချီသော မြန်မာပြည်သူများကို အွန်လိုင်းမှတဆင့် ငွေကြေးလွှဲပြောင်းသော ဝန်ဆောင်မှုကို ရယူနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ Wave Money ၏ မိုဘိုင်းငွေကြေးဝန်ဆောင်မှုမှတဆင့် နေ့စဉ် မြန်မာပြည်သူ ထောင်နှင့်ချီ၍ မိမိတို့၏ ငွေကြေးများကို အချိန်မရွေး၊ နေရာမရွေး လွယ်ကူလျင်မြန်စွာ လွှဲပြောင်းလာနိုင်ကြသည်။ Wave Money ၏ Call Center များသည် တစ်ပတ် ၇ ရက်၊ တစ်ရက် ၂၄ နာရီ အချိန်ပြည့် လည်ပတ်လျက်ရှိပြီး သုံးစွဲသူများမှ သိရှိလို၍ မေးမြန်းချက်များကို အချိန်ပြည့် ပြန်လည်ဖြေကြားပေးလျက်ရှိသည်။

http://www.wavemoney.com.mm

**FlyMya အကြောင်း**

FlyMya သည် မြန်မာနိုင်ငံ ရန်ကုန်မြို့အခြေစိုက် ခရီးသွားဆိုင်ရာနည်းပညာကုမ္ပဏီတစ်ခုဖြစ်ပြီး လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ ခရီးသွားကိုယ်စားလှယ်များနှင့် လက်တွဲလုပ်ဆောင်ကာ ၎င်းတို့၏ ခရီးသွားဆိုင်ရာ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို အွန်လိုင်းပေါ်တွင် ကူညီရောင်းချပေးလျက်ရှိသည်။ နည်းပညာမှ တစ်ဆင့် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များကို အားပေးကူညီပေးမည်ဆိုသော ဆောင်ပုဒ်ကို အခြေခံဖွဲ့စည်းထားသည့် စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းရှင်များမှ ၂၀၁၅ ခုနှစ်တွင် FlyMya ကို တည်ထောင်ခဲ့ပြီး ခရီးသွားများကို ပိုမိုလွယ်ကူအဆင်ပြေချော့မွေ့စေခဲ့သည်။

FlyMya အနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍကို ပိုမိုကောင်းမွန်စွာ အဆင့်မြှင့်တင်နိုင်ရန် ရည်ရွယ်လုပ်ကိုင်လျက်ရှိပါသည်။ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ကြိုတင်စာရင်းပေးသွင်းနိုင်ရန်အတွက် ဒေတာအချက်အလက်၊ နည်းပညာများအပြင် လူအများအပြားမှ အတူတကွ ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် လွယ်ကူချောမွေ့သော သုံးစွဲသူအတွေ့အကြုံကို ထောက်ပံ့ပေးလျက်ရှိပါသည်။

FlyMya ၏ Call Center များသည် တစ်ပတ် ၇ ရက်၊ တစ်ရက် ၂၄ နာရီ အချိန်ပြည့် လည်ပတ်လျက်ရှိပြီး သုံးစွဲသူများမှ သိရှိလို၍ မေးမြန်းချက်များကို အချိန်ပြည့် ပြန်လည်ဖြေကြားပေးလျက်ရှိသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက FlyMya ဝက်ဘ်ဆိုက်ဖြစ်သည့် www.booking.flymya.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

CNBC သတင်းဌာနတွင် ဖော်ပြထားသော FlyMya တည်ဆောင်သူ၏ ဗီဒီယို [လင့်ခ်]
မကြာသေးမီက ဖော်ပြခြင်းခံရသော FlyMya မှ ရရှိခဲ့သော Startup of the year ဆုအကြောင်း [လင့်ခ်]
FlyMya ၏ လုပ်ဆောင်မှုများအကြောင်း ဖော်ပြထားသော ဗီဒီယို [လင့်ခ်]